စာတမ်းတို
၂၀၁၇ခုနှစ်၊ မေလ

Natural Resource Governance Institute

# ကျောက်မျက်ကဏ္ဍစီမံအုပ်ချုပ်မှု

## မြန်မာနိုင်ငံအတွက် ထည့်သွင်းစဉ်းစားရမည့်အချက်များ

လက်ရှိဖြစ်ပေါ်နေသောပြုပြင်ပြောင်းလဲမှုများသည် ဒေါ်လာဘီလျံနှင့်ချီ၍တန်ဖိုးရှိသော မြန်မာနိုင်ငံ၏ ကျောက်စိမ်းနှင့်ကျောက်မျက်လုပ်ငန်း ကဏ္ဍစီမံခန့်ခွဲမှု ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ရန် ယခင်မရရှိခဲ့ဖူးသောအခွင့်အလမ်းများ ဖန်တီးပေးပါသည်။ အခြားကျောက်မျက်ထွက်ရှိ သောနိုင်ငံများ၏အတွေ့အကြုံများအား လေ့လာခြင်းဖြင့် ကျောက်စိမ်းနှင့်ကျောက်မျက် ကဏ္ဍအားပြန်လည်ဖွဲ့စည်းခြင်းကို ထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ကျောက်မျက်ကဏ္ဍစီမံအုပ်ချုပ်မှု - ကမ္ဘာတစ်ဝှမ်းအတွေ့အကြုံမှ သင်ခန်းစာများ တွင် စုစည်းတင်ပြထားသော နိုင်ငံ တကာ၌ ကျင့်သုံးသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအပေါ်အခြေခံလျက် ဤစာတမ်းတွင် မြန်မာနိုင်ငံ၏ ကျောက်မျက်ကဏ္ဍ ပြုပြင် ပြောင်းလဲရေးဖြစ်စဉ်အတွက် ဦးစားပေးဆောင်ရွက်ရမည့်နယ်ပယ် ၁၀ ခုကို မီးမောင်းထိုးဖော်ပြထားပါသည် -

၁။ ကျောက်စိမ်းနှင့်ကျောက်မျက်မူဝါဒရေးဆွဲပါ

၂။ ဥပဒေမူဘောင်ကို ပြန်လည်ပြင်ဆင်ပါ

၃။ ကျောက်မျက်ဆိုင်ရာအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲပါ

၄။ လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်အား အားကောင်းအောင်ပြုလုပ်ပါ

၅။ နိုင်ငံသားတူးဖော်သူများကို တရားဝင်ပြုလုပ်ပါ။

၆။ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ ကိုက်ညှိပါ

၇။ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်ကို ပြင်ဆင်ပါ

၈။ ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများကို ပံ့ပိုးပါ

၉။ ကျောက်မျက်ထုတ်လုပ်မှုလမ်းကြောင်းတလျောက် ပြန်လည်ခြေရာခံနိုင်အောင် ပံ့ပိုးဆောင်ရွက်ပါ

၁၀။ ပွင့်လင်းမြင်သာမှုပိုမိုအားကောင်းအောင် ပြုလုပ်ပါ

## ၁။ ကျောက်စိမ်းနှင့်ကျောက်မျက်မူဝါဒရေးဆွဲပါ

မြန်မာနိုင်ငံအနေဖြင့် ကျောက်မျက်ကဏ္ဍနှင့်သက်ဆိုင်သောပုဂ္ဂိုလ်များအားလုံးနှင့် ပွင့်လင်းစွာတိုင်ပင်ဆွေးနွေးမှုကို ထင်ဟပ်ပြီး မြန်မာနိုင်ငံ၏ အကန့်အသတ်နှင့်သာရှိသော ကျောက်မျက်အရင်းအမြစ်များ ရေရှည်တည်တံ့စွာဖွံ့ဖြိုး တိုးတက်ရေးအတွက် အားလုံးဝိုင်းဝန်းဦးစားပေးဆောင်ရွက်ရမည့် အချက်များကိုပေါ်လွင်စေကာ ဥပဒေနှင့်ဌာန ဆိုင်ရာ မူဘောင်အား ပြန်လည်ပြင်ဆင်ခြင်းကို ပံ့ဖော်ပေးနိုင်သော အမျိုးသားကျောက်စိမ်းနှင့်ကျောက်မျက်မူဝါဒ ရေးဆွဲခြင်းက အကျိုးရှိပါမည်။ အဆိုပါဖြစ်စဉ်ကို ပံ့ပိုးရန်အတွက် ဖွဲ့စည်းထားသော ညွှန့်ပေါင်း ကော်မတီအနေဖြင့် မဟာဗျူဟာရေးဆွဲရာ၌ အလားတူနည်းလမ်းများ စတင်ကျင့်သုံးခဲ့ သော ပါကစ္စတန်နိုင်ငံစသည့် အခြားသောနိုင်ငံ များနှင့် တွေ့ဆုံဖလှယ်မှုများပြုလုပ်ခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။[1]

မြန်မာနိုင်ငံအစိုးရအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည် -

- ပြုပြင်ပြောင်းလဲမှုများကို အစီအစဉ်တကျဆောင်ရွက်ပါ။ အမျိုးသားကျောက်စိမ်းနှင့် ကျောက်မျက်မူဝါဒအား ဥပဒေမူဘောင်ထက် ဦးစွာရေးဆွဲသင့်ပြီး ဥပဒေမူဘောင်ကိုပြင်ဆင်ရာတွင် အဆိုပါမူဝါဒအပေါ် အခြေခံသင့် ပါသည်။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက ဆောင်ရွက်သောမဟာဗျူဟာ ရေးဆွဲခြင်းအား ပြည်ထောင်စုလွှတ်တော်တွင် လက်ရှိဆောင်ရွက်နေသည့် မြန်မာ့ကျောက်မျက်ဥပဒေ မူဘောင်ပြန်လည်သုံးသပ်ခြင်းနှင့် အနီးကပ်ညှိနှိုင်းဆောင်ရွက်ပါက ထိရောက်မှုအရှိဆုံး ဖြစ်ပါလိမ့်မည်။ (ထည့်သွင်းစဉ်းစားရမည့်အချက် ၂ ကို ကြည့်ပါ)

- လိုအပ်သောလေ့လာဆန်းစစ်မှုများပြုလုပ်ပါ။ ရယူနိုင်ပြီး ယုံကြည်အားကိုးရသောအချက်အလက်များရှားပါး ခြင်းကြောင့် ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍနှင့်ပတ်သက်သော မူဝါဒဆိုင်ရာဆွေးနွေးမှုများ အပေါ်တွင် အကန့်အသတ်များရှိနေဆဲဖြစ်ပါသည်။ အမျိုးသားစီမံကိန်းရေးဆွဲမှုကို အထောက်အကူဖြစ်စေရန် ကျွမ်းကျင် သူများ၏ ဘူမိဗေဒစစ်တမ်းကောက်ယူမှုများ၊ ဈေးကွက်ဆိုင်ရာလေ့လာမှုများနှင့် အခြားဆန်းစစ်မှုများပြုလုပ် နိုင်ပါသည်။

- သက်ဆိုင်သောပုဂ္ဂိုလ်များ ပိုမိုစုံလင်စွာပါဝင်သော ဆွေးနွေးမှုများပြုလုပ်ပါ။ ဒေသန္တရနှင့် ဒေသခံအစိုးရ၊ ကုမ္ပဏီများနှင့် လူထုကိုယ်စားလှယ်များ၏ လိုအပ်သောပါဝင်မှုအပြင် ကျောက်စိမ်းနှင့်ကျောက်မျက်ထွက်ရှိ သော ဒေသများအား အမှန်တကယ်ထိန်းချုပ်ထားသည့်အဖွဲ့အစည်းများ အထူးသဖြင့် မြန်မာ့တပ်မတော်နှင့် ကချင်လွတ်မြောက်ရေးတပ်မတော်တို့၏ ပါဝင်မှုသည် အလုပ်ဖြစ်နိုင်သော စီမံခန့်ခွဲမှုနည်းဗျူဟာရေးဆွဲရာတွင် မရှိမဖြစ် လိုအပ်ပါသည်။ ဆီရာလီယွန်နိုင်ငံတွင် ဆောင်ရွက်သည့်အတိုင်း ကျောက်မျက်မူဝါဒရေးဆွဲခြင်းအား အမျိုးပြန်လည်သင့်မြတ်ရေးနှင့် ချိတ်ဆက်ဆောင်ရွက်သင့်ပါသည်။[2]

## ၂။ ဥပဒေမူဘောင်ကို ပြန်လည်ပြင်ဆင်ပါ

မြန်မာ့ကျောက်မျက်ဥပဒေ (၁၉၉၅ခုနှစ်၊ ၂၀၁၆ခုနှစ်ပြင်ဆင်ချက်) သည် အရေးပါသောအားနည်းချက်များရှိနေသည့် အပြင် ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးနေသော ("၂၀၁၇ခုနှစ် မြန်မာ့ကျောက်မျက်ဥပဒေ"ပြဋ္ဌာန်းကျင့်သုံးခြင်း အပါအဝင်)[3] ထပ်ဆောင်းပြုပြင်ပြောင်းလဲမှုများသည်လည်း ကျောက်စိမ်းနှင့်ကျောက်မျက်ကဏ္ဍ စီမံအုပ်ချုပ်မှု မူဘောင် ၏ အရေးကြီးသောအားနည်းချက်များကို ထိရောက်စွာဖြေရှင်းထားခြင်းမရှိပါ။ သမိုင်းတလျှောက်မြန်မာနိုင်ငံအစိုးရ သည် အဓိကမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကိုသတ်မှတ်ရာ၌ စည်းမျဉ်းများ၊ ရုံးတွင်း ညွှန်ကြားချက်များနှင့် သဘောတူစာချုပ်များကို မှီခိုအသုံးပြုခဲ့ကြသော်လည်း အဆိုပါစည်းမျဉ်း၊ ညွှန်ကြားချက်များနှင့် သဘောတူစာချုပ်များ အား အများပြည်သူထံဖွင့်ဟထုတ်ဖော်ခြင်းမရှိပါ။

ပြည်ထောင်စုလွှတ်တော်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည် -

- (တွင်းထွက်ပစ္စည်းများ၊ ကျောက်စိမ်းနှင့် ကျောက်မျက်တို့ကို လွှမ်းခြုံသော) တွင်းထွက်ဆိုင်ရာ လုပ်ထုံးလုပ်နည်း တစ်ခုတည်းသာ ကျင့်သုံးရန်စဉ်းစားပါ။ အခြားနိုင်ငံများနှင့်မတူဘဲ မြန်မာနိုင်ငံတွင် ကျောက်စိမ်း နှင့်ကျောက် မျက်များအတွက် ဥပဒေများ၊ စည်းမျဉ်းများနှင့် သဘောတူစာချုပ်များအား အခြားတွင်းထွက်များနှင့် ခွဲခြား သတ်မှတ်ထားပါသည်။ ထိုသို့ခွဲခြားကျင့်သုံးသောစနစ်သည် မရေရာမှုဖြစ်ပေါ်စေပြီး၊ ညှိနှိုင်းဆောင်ရွက်ရာ တွင်လည်း စိန်ခေါ်မှုများ ပိုမိုဖြစ်ပေါ်စေကာ စံနှုန်းများသတ်မှတ်ရာ၌ တစ်ပြေးညီမရှိခြင်းတို့ဖြစ်ပေါ်စေ ပါသည်။ အဆိုပါဆိုးရွားသောသက်ရောက်မှုများသည် အမေရိကန်ကျောက်မျက်ကုန်သည်များအသင်း [American Gem Traders Association – AGTA]က မကြာသေးမီက အဆိုပြုထားသည့်အတိုင်း  ကျောက် စိမ်းနှင့် အခြားရောင်စုံကျောက်မျက်များအတွက် သီးခြားဥပဒေများပြဋ္ဌာန်းခြင်းကို လုပ်ဆောင်ပါက ပိုမိုဆိုးရွား သွားနိုင်ပါသည်။[4]
- ကျန်ရှိနေသောကွာဟချက်များအား ဖြေရှင်းပါ။ မကြာသေးမီကပြုလုပ်ထားသောပြင်ဆင်ချက်များနှင့် အဆိုပြု ထားသောပြင်ဆင်ချက်များအပါအဝင် မြန်မာ့ကျောက်မျက်ဥပဒေသည် (ထည့်သွင်းစဉ်းစားရမည့်အချက် ၁ တွင် ဖော်ပြထားသော) ကျောက်မျက် သို့မဟုတ် တွင်းထွက်မူဝါဒနှင့်ချိတ်ဆက်မှုမရှိဘဲ (ထည့်သွင်းစဉ်းစားရ မည့်အချက် ၃တွင်ဖော်ပြထားသော)ကျောက်မျက်ကဏ္ဍဆိုင်ရာအစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းပုံနှင့် လုပ်ပိုင် ခွင့်အာဏာ၊ (ထည့်သွင်းစဉ်းစားရမည့်အချက် ၄ တွင်ဖော်ပြထားသော) လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်၊ (ထည့်သွင်းစဉ်းစားရမည့်အချက် ၅တွင်ဖော်ပြထားသော)နိုင်ငံသားများတူးဖော်မှု၊ ထုတ်လုပ်မှုအား စောင့်ကြပ် စစ်ဆေးခြင်း၊ (ထည့်သွင်းစဉ်းစားရမည့်အချက် ၆တွင်ဖော်ပြထားသော) ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ၊ (ထည့်သွင်းစဉ်းစားရမည့်အချက် ၇တွင်ဖော်ပြထားသော)တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်၊ အကြမ်းထည်စျေးကွက် ရှာဖွေခြင်းနှင့်ရောင်းချခြင်း၊ (ထည့်သွင်းစဉ်းစားရမည့်အချက် ၈ တွင်ဖော်ပြထားသော) အရည်အသွေးမြှင့်တင် ခြင်း၊ ဒေသခံများ မကြေနပ်ချက်တိုင်ကြားမှုများအား ဖြေရှင်းပေးရေးနည်းလမ်းများ၊ အဂတိလိုက်စားမှု တိုက် ဖျက်ရေးအစီအမံများနှင့် (ထည့်သွင်းစဉ်းစားရမည့်အချက် ၁၀တွင် ဖော်ပြထားသော)ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုဆိုင်ရာနည်းလမ်းမျာနှင့်ပတ်သက်ပြီး လုံလောက်စွာဖြေရှင်းပေးနိုင်ခြင်းမရှိပါ။
- တည်ဆဲဥပဒေများ သဟဇာတဖြစ်အောင်ပြုလုပ်ပါ။ မြန်မာ့ကျောက်မျက်ဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ရင်းနှီးမြှုပ်နှံမှု၊ မြေယာအခွင့်အရေးများ၊ အလုပ်သမားဆိုင်ရာစံနှုန်းများ၊ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် အခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာဥပဒေများ အပါအဝင် အခြားလက်ရှိ သို့မဟုတ် အဆိုပြုထားသော ဥပဒေ များအကြား မညီညွတ်မှုများကိုဖြေရှင်းရန်အတွက် ထပ်ဆောင်းလေ့လာသုံးသပ်မှုပြုလုပ်ရန်လိုအပ်ပါသည်။

## ၃။ ကျောက်မျက်ဆိုင်ရာအဖွဲ့အစည်းများအား ပြုပြင်ပြောင်းလဲပါ

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မကလ)သည်နိုင်ငံပိုင်ကုမ္ပဏီများ၏ ကောင်းမွန်သောစီမံအုပ်ချုပ်မှု အတွက် နိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှု မရှိသေးပါ။ မကလ၏ အလွန်ယေဘုယျဆန်သောလုပ်ပိုင်ခွင့်အာဏာ၊ ၎င်း၏ နည်းပါးသောစွမ်းဆောင်ရည်များနှင့် ကျောက်စိမ်းနှင့်ကျောက်မျက် ကဏ္ဍစီမံခန့်ခွဲမှုအပေါ် ပုဂ္ဂလိကကဏ္ဍ၏ မလျော်ကန်သောလွှမ်းမိုးမှုများသည် လက်တွေ့တွင် နိုင်ငံတော်ကိုယ်စား ဖက်စပ်လုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခြင်း၊ ရတနာပြပွဲများ(လေလံပွဲများ) ပုံမှန်ကျင်းပခြင်းနှင့် ကျောက်စိမ်းနှင့် ကျောက်မျက်ကဏ္ဍအတွက်အဓိကထိန်းသိမ်း ကြီးကြပ်ရေးအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ခြင်းတို့အပါအဝင် မကလ၏ အဓိကလုပ်ငန်းတာဝန်များကို အားနည်းစေ ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြုပါသည် -

- မကလ၏ အခန်းကဏ္ဍကို ပြန်လည်ပြင်ဆင်ပါ။
  မကလ၏တာဝန်ဝတ္တရားများနှင့် သတ္တုတွင်းဦးစီးဌာန၊ ဘူမိဗေဒ လေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ (၁၉၉၅ခုနှစ်မြန်မာ့ ကျောက်မျက်ဥပဒေ အခန်း ၁၀ တွင်ဖော်ပြထားသော) ကျောက်မျက်ရတနာကြီးကြပ်ရေး ဗဟိုကော်မတီနှင့် (မကလ၏လိုင်စင် ထုတ်ပေးရေးဆိုင်ရာညွှန်ကြားချက်များတွင်ဖော်ပြထားသော) ကျောက်မျက်ရတနာ လုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီများ၏ တာဝန်ဝတ္တရားများနှင့်ပတ်သက်ပြီး အရေးပါသောမရေရာမှုများနှင့် တာဝန်ဝတ္တရားများထပ်နေခြင်းတို့ ရှိနေဆဲဖြစ်ပါသည်။ မကလ၏လုပ်ပိုင်ခွင့်နယ်ပယ်နှင့် ၎င်းလုပ်ပိုင်ခွင့်၏အကန့်အသတ်များကို ဥပဒေတွင် ရှင်းလင်းစွာသတ်မှတ်ထားသင့်ပြီး ၎င်း၏ ဖက်စပ်လုပ်ငန်းတွင်ပါဝင်မှုအရရှိနေသော လုပ်ငန်းတာဝန်များအား ထိန်းသိမ်းကြီးကြပ်ခြင်းဆိုင်ရာလုပ်ငန်းတာဝန်များမှ ခွဲထုတ်ရန် လိုအပ်သောအဆင့်များကို ဆောင်ရွက်သင့် ပါသည်။

- အကျိုးစီးပွားဆန့်ကျင်မှုများအား ဖယ်ရှားပါ။
  ဥပဒေပြုသူများအနေဖြင့်(ထည့်သွင်းစဉ်းစားရမည့်အချက် ၇ တွင် ဖော်ပြထားသည့်အတိုင်း) အပြီးသတ်တန်ဖိုးဖြတ်အဖွဲ့အဖြစ်ဆောင်ရွက်ပြီး ကျောက်မျက်ကဏ္ဍထိန်းသိမ်း ကြီးကြပ်ရေးအတွက် အကြံဉာဏ်ပေးရန် တာဝန်ရှိသောကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီတွင် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းအတွက် နေရာများသီးခြားသတ်မှတ်ထားပေးသော မြန်မာ့ကျောက်မျက်ဥပဒေ၏ မကြာသေးမီကပြင်ဆင်ချက်များကို ပြန်လည်စဉ်းစားသင့်ပါသည်။ အထူးသဖြင့် ကျောက်မျက်ပြပွဲရန်ပုံငွေ အမေရိကန် ဒေါ်လာ သန်း ၁၈၀ခန့် အလွဲသုံးစားပြုလုပ်ထားကြောင်း စွပ်စွဲခံရပြီး နောက်ပိုင်းတွင် ကျောက်စိမ်းနှင့် ကျောက်မျက်ပြပွဲများအား ကြီးကြပ်ခြင်းနှင့် အချို့သော သက်ဆိုင်ရာဝင်ငွေ များအား စီမံခန့်ခွဲခြင်းတို့တွင်ပါဝင်သော မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း၏ အခန်းကဏ္ဍကို လည်း စစ်ဆေးသင့်ပါသည်။[5]

- အစိုးရဌာနများ၏ စွမ်းဆောင်ရည်မြှင့်တင်ပါ။
  လက်ရှိတွင် မကလသည်၎င်းခန့်အပ်နိုင်သောဝန်ထမ်းအင်အား၏ ခန့်မှန်းခြေတစ်ဝက်ကိုသာခန့်အပ်ထားပြီး ကျောက်မျက်ကဏ္ဍနှင့် ပတ်သက်သောနယ်ပယ်အလိုက်ကျွမ်းကျင်မှု နောက်ခံ နည်းပါးသည့် သို့မဟုတ် မရှိသည့် အဓိကအရာရှိများစွာကိုလည်း ခန့်အပ်ထားပါသည်။ နည်းပညာ ကျွမ်းကျင်သောပညာရှင်များအား စီမံခန့်ခွဲမှုအဆင့်ရာထူးများအတွက် ခန့်အပ်ထားခြင်း သို့မဟုတ် အဆိုပါ ရာထူးများသို့ ရာထူးတိုးမြှင့်ပေးခြင်း၊ အသေးစိတ်နှစ်ပတ်လည် အစီရင်ခံစာထုတ်ဝေခြင်းနှင့် လွှသိရှင်ကြား စာရင်းစစ်ဆေးခြင်းများပုံမှန်ပြုလုပ်ပေးခြင်း အပါအဝင် မကလ၏ စီမံအုပ်ချုပ်မှုကို နိုင်ငံတကာအကောင်းဆုံး အလေ့အထများနှင့် အညီ ဖြစ်စေသင့်ပါသည်။

## ၄။ လိုင်စင်ထုတ်ပေးရေးလုပ်ငန်းစဉ်အား အားကောင်းအောင်ပြုလုပ်ပါ

မြန်မာနိုင်ငံတွင် တူးဖော်လုပ်ကိုင်ခွင့်များကို ဈေးပြိုင်စနစ်ဖြင့် ချပေးသော်လည်း ပွင့်လင်းမြင်သာမှုမရှိခြင်းနှင့် အရာရှိ များနှင့်ကုမ္ပဏီများ တရားမဝင်ညှိနှိုင်းဆောင်ရွက်ခြင်းတို့သည် လိုင်စင်ချထားပေးရေးလုပ်ငန်းစဉ်၏ ထိရောက်မှုကို အားနည်းစေပါသည်။ ခွင့်ပြုမိန့်များအတည်ပြုမှုသည် လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ရန် အစိုးရအဖွဲ့အစည်း များ၏ ဆောင်ရွက်နိုင်စွမ်းကို ကျော်လွန်နေပြီး လိုင်စင်ပါစည်းကမ်းချက်များ ဖောက်ဖျက်မှုများ အနံ့အပြားဖြစ်ပေါ် စေ ပါသည်။ မြန်မာနိုင်ငံသည် ကျောက်မျက်တူးဖော်မှုတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကို ထူးထူးခြားခြားတားမြစ်ထားပြီး အဆိုပါမူဝါဒသည် ခေတ်မီကျောက်မျက်တူးဖော်ရေးနည်းစနစ်များနှင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုရေးစီမံခန့်ခွဲမှု ဆိုင်ရာ စံနှုန်းများအား ကျယ်ကျယ်ပြန့်ပြန့် ကျင့်သုံးနိုင်ခြင်းကို ထပ်မံနှောင့်နှေးစေနိုင်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြုပါသည် -

- လိုင်စင်ချထားပေးခြင်းအပေါ် အကန့်အသတ်များသတ်မှတ်ပါ။ (လက်ရှိလိုင်စင်ထုတ်ပေးမှုပိတ်ထားခြင်းမတိုင် မီ) ၂၀၁၆ခုနှစ်အစောပိုင်း၌ လိုင်စင်ပေါင်း၂၀,၀၀၀ကျော်အထိရှိသော ကျောက်စိမ်းနှင့်ကျောက်မျက်တူးဖော် ရေးလိုင်စင်အများအပြား ချထားပေးခြင်းကြောင့် မြန်မာနိုင်ငံ၏ကျောက်မျက်သိုက်များ အား အလျှင်အမြန် ကုန်ခမ်းစေပြီး အစိုးရ၏ တူးဖော်ရေးလုပ်ငန်းများအား ကြီးကြပ်နိုင်မှုကို ကျဆင်းစေပါသည်။ မြန်မာနိုင်ငံအစိုးရ အနေဖြင့် လုံလောက်သောကြီးကြပ်မှုဆောင်ရွက်နိုင်ပြီး သယံဇာတများကို ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးစေမည့် လိုင်စင်အရေအတွက်သတ်မှတ်ခြင်းဖြင့် သီရိလင်္ကာနိုင်ငံ စသောအခြားနိုင်ငံများ၏သာဓကများအတိုင်း ဆောင်ရွက်နိုင်ပါသည်။[6]
- လိုင်စင်နှင့် စာချုပ်ပါစည်းကမ်းချက်များကို ပြန်လည်သုံးသပ်ပါ။ မြန်မာနိုင်ငံသည် ယေဘုယျအားဖြင့် အခြား နိုင်ငံများထက်စာလျှင် စက်ယန္တရားဖြင့်ကျောက်မျက်တူးဖော်ခြင်းအား ပိုမိုသေးငယ်သောလုပ်ကွက် အရွယ် အစား (ပုဂ္ဂလိကလုပ်ကိုင်သော လုပ်ကွက်များအတွက် ၁ ဧက)နှင့် ပိုမိုတိုတောင်းသောသက်တမ်း (ပုံမှန် ၃နှစ်မှ ၅နှစ် အထိ)အတွက် လိုင်စင်များချထားပေးပါသည်။[7] ကျောက်မျက်ကဏ္ဍတွင် စက်ယန္တရားအသုံးပြုမှု မြင့်မားပြီး တူးဖော်ထုတ်လုပ်ရန်လိုင်စင်ရရှိထားသော မြေ ၂ဧကစီတိုင်းအတွက် ခန့်မှန်းခြေ မြေတူးစက်တစ်စီး အသုံးပြုပါသည်။ ကျောက်မျက်တူးဖော်ခြင်းကိုသင့်လျော်သောနှုန်းနှင့်လုံလောက်သော ရင်းနှီးမြှုပ်နှံမှုဖြင့် ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးဆိုင်ရာသက်ရောက်မှုများအား စနစ်တကျဆန်းစစ်ခြင်းနှင့်တားဆီးခြင်း၊ လိုအပ်သောအခြေခံအဆောက်အအုံတည်ဆောက်ခြင်းနှင့် စွန့်ပစ် ပစ္စည်းများအား တာဝန်ယူမှုရှိစွာစွန့်ပစ်ခြင်းတို့ကို အားပေးလာအောင် ကျောက်မျက်တူးဖော်ရေးလိုင်စင်ပါ သတ်မှတ်ချက်များအား အလိုက်သင့်ပြင်ဆင်သင့်ပါသည် (ထည့်သွင်းစဉ်းစားရမည့်အချက် ၅ ကို ကြည့်ပါ)။ မြန်မာနိုင်ငံ၏ဖက်စပ်လုပ်ငန်းဆိုင်ရာသဘောတူညီချက်များကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီအောင် နမူနာဖက်စပ်လုပ်ငန်းပုံစံကို စေ့စေ့စပ်စပ်ဆန်းစစ်အကဲဖြတ်ရန်လိုအပ်ပါသည်။
- ဈေးပြိုင်တင်သွင်းသောလုပ်ငန်းစဉ်များကို ပြင်ဆင်ပါ။ တူးဖော်ခွင့်များကို ကုမ္ပဏီများအား မျှတစွာ ဆက်ဆံမှု အပေါ် အခြေခံ၍ ရှင်းလင်းသော၊ ပွင့်လင်းသော၊ အပြိုင်အဆိုင်ရှိသောနည်းလမ်းများဖြင့် ခွဲဝေချထား ပေးသင့် ပါသည်။ ဈေးပြို င်တင်သွင်းသောကုမ္ပဏီများအား ပင်ရင်းပိုင်ဆိုင်ပြီးချုပ်ကိုင်ထားသည့် ပုဂ္ဂိုလ်များသည် မည်သူ မည်ဝါဖြစ်သည်ကို အာဏာပိုင်များနှင့် အများပြည်သူက သိရှိနိုင်သင့်ပါသည်။ စက်ယန္တရားအသုံးပြုသော ကျောက်မျက်တူးဖော်ရေး စီမံကိန်းများအတွက် အစိုးရအနေဖြင့် လိုင်စင်ချထားပေးခြင်းဆိုင်ရာ နည်းပညာ စံသတ်မှတ်ချက်များကို သတ်မှတ်ကျင့်သုံးသင့်ပြီး လျှောက်ထားလာသောကုမ္ပဏီများအား ဖြစ်ပေါ် လာနိုင်ခြေ ရှိသော အကျိုးစီးပွားဆန့်ကျင်မှုများ၊ ယခင်က ရာဇဝတ်မှုဆိုင်ရာလုပ်ငန်းများဆောင်ရွက်ခဲ့သည့် အထောက် အထားနှင့် စာချုပ်ချိုးဖောက်မှု သို့မဟုတ် တိုင်ကြားမှုဆိုင်ရာမှတ်တမ်းများနှင့်စပ်လျဉ်း၍စစ်ဆေးသင့်ပါသည်။

## ၅။ နိုင်ငံသားတူးဖော်သူများကို တရားဝင်ပြုလုပ်ပါ။

အခြားသောနိုင်ငံများကဲ့သို့ပင် မြန်မာနိုင်ငံ ကျောက်စိမ်းထွက်ရှိသောဒေသများ သို့ နိုင်ငံသားတူးဖော်သူများ အလုံး အရင်းဖြင့် ဝင်ရောက်လာခြင်း နှင့်တစ်ဆက်တည်း ရောဂါကူးဆက်ဖြစ်ပွားမှုနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုတိုးမြင့်လာခြင်း၊ ရာဇဝတ်မှုများဖြစ်ပွားမှုနှင့် ကုမ္ပဏီများ၏လုပ်ကွက်များအတွင်းသို့ တရားမဝင် ဝင်ရောက်တူးဖော်ခြင်းများလည်း ဖြစ် ပေါ်လာပါသည်။ နိုင်ငံတကာတွင် ကြုံတွေ့ရ သောအတွေ့အကြုံများ အရ အဆိုပါစိန်ခေါ်မှုများအား တရားဥပဒေစိုးမိုးမှု အားကောင်းအောင်ဆောင်ရွက်ခြင်းဖြင့်အလွယ်တကူဖြေရှင်းနိုင်ခြင်း မရှိသည်ကိုတွေ့ရှိရပြီး စစ်တပ် သို့မဟုတ် လုံခြုံရေးအဖွဲ့များချထားခြင်းသည် တရားမဝင်တူးဖော်မှုကို လျော့ကျစေနိုင်ဖွယ်မရှိဘဲ အကြမ်းဖက်မှု၊ လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် အဂတိလိုက်စားမှုတို့ကိုသာ တိုးမြင့်လာစေနိုင်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အောက်ပါတို့ကို ဆောင်ရွက်ရန် အကြံပြု ပါသည် -

- နိုင်ငံသားတူးဖော်မှုအတွက် ရှင်းလင်းသောဥပဒေအခြေခံကို သတ်မှတ်ပါ။ အခြားနိုင်ငံအများစုနှင့်မတူဘဲ မြန်မာနိုင်ငံ၏ ကျောက်မျက် ကဏ္ဍစီမံအုပ်ချုပ်ရေးမူဘောင်တွင် နိုင်ငံသားများအား ဥပဒေနှင့်အညီ တရားဝင် ကျောက်မျက်တူးဖော်ခြင်းမှ ဖယ်ကြဉ်ထားပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လက်လုပ်လက်စားကျောက် မျက်တူးဖော်ရေးလိုင်စင်များသတ်မှတ်ပေးခြင်း၊ ကျောက်မျက်သမဝါယမအသင်းများဖွဲ့စည်းခြင်းကို အားပေး ခြင်း၊ နှင့်/သို့မဟုတ် ကျောက်မျက်တူးဖော်မှု အွန်လိုင်းမှတ်ပုံတင်စနစ်စမ်းသပ်ဆောင်ရွက်ခြင်းအစရှိသော နိုင်ငံသား တူးဖော်သူများ၏ ဆောင်ရွက်နိုင်စွမ်းနှင့်ကိုက်ညီမှုရှိသော တရားဝင်ပြုလုပ်မှုလမ်းကြောင်းတစ်ရပ် ချမှတ်ပေးသင့်ပါသည်။
- နိုင်ငံသားများအား အရင်းအမြစ်များ ရရှိနိုင်အောင်သတ်မှတ်ပေးပါ။ နိုင်ငံသားတူဖော်သူများနှင့် ကျောက်မျက် တူးဖော်ရေးကုမ္ပဏီများ ၏ အခွင့်အရေးများကို ဥပဒေတွင် ရှင်းလင်းစွာသတ်မှတ်ထားသင့်ပါသည်။ ဒေသ အလိုက်ဘူမိဗေဒအအခြေအနေအပေါ်မူတည်၍ အချို့သောရတနာနယ်မြေများကို နိုင်ငံသားများတူးဖော်ရန် အတွက်သတ်မှတ်ပေးခြင်း(ဥပမာ တန်ဇန်နီးယားနိုင်ငံကို ကြည့်ပါ[8]) သော်လည်းကောင်း ၊ ပါမစ်ရရှိထားသော ကုမ္ပဏီများအား သမဝါယမအသင်းများတွင်ပါဝင်သောနိုင်ငံသားတူးဖော်များကို ဆပ်ကန်ထရိုက်ပြန်ချပေးရန် အားပေးခြင်း (ဥပမာ ဘရာဇီးနိုင်ငံကို ကြည့်ပါ[9]) သော်လည်းကောင်း ဆောင်ရွက်နိုင်ပါသည်။
- နိုင်ငံသားတူးဖော်သူများနှင့် ဒေသခံလူ့အသိုက်အဝန်းများနှင့် ညှိနှိုင်းဖလှယ်မှုအားကောင်းအောင် ပြုလုပ်ပါ။ မြန်မာနိုင်ငံအစိုးရသည် ရင်းနှီးမြှုပ်နှံသူများနှင့် ဒေသခံပြည်သူများအကြား စဉ်ဆက်မပြတ်တွေ့ဆုံညှိနှိုင်း ဆွေးနွေးခြင်းကို ဦးဆောင်ပြုလုပ်သင့်ပြီး ထိုသို့ တွေ့ဆုံဆွေးနွေးမှုကြောင့် တန်ဇန်နီးယားနိုင်ငံ၏ ဒေသခံ စိန်ဖက်စပ်လုပ်ငန်း (Community Diamond Partnership)[10] ကဲ့သို့သောကိစ္စရပ်များတွင် ကုမ္ပဏီအနေဖြင့် စိုးရိမ်သောကိစ္စရပ်များနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်များကိုဖြေရှင်းရန် အများလက်ခံသော နည်းလမ်းများ ချမှတ်နိုင်ခဲ့ပါသည်။

## ၆။ ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်ချက်များ ကိုက်ညှိပါ

မြန်မာနိုင်ငံ၌ ကျောက်မျက်ကဏ္ဍအပေါ် ကောက်ခံသောအခွန်နှုန်းထားများသည် အခြားနိုင်ငံအများစုထက်စာလျှင် ပို၍မြင့်မားပြီး အဆိုပါမြင့် မားသော အခွန်နှုန်းထားကြောင့် ကုမ္ပဏီများက လျှော့ပေါ့အစီရင်ခံမှုအား ကျယ်ကျယ် ပြန့်ပြန့်ဖြစ်ပေါ် စေကြောင်း အထောက်အထားများရှိပါသည်။ အဓိကဝင်ငွေရရှိမှုလမ်းကြောင်းများတွင် လိုင်စင် ကြေးများ (လက်မှတ်ရေးထိုးခဆုကြေးများအပြင် စီမံအုပ်ချုပ်မှုဆိုင်ရာအခွန်အခများပါဝင်သည်ဟု မြန်မာနိုင်ငံတွင် နားလည်ထားကြပါသည်)၊ နိုင်ငံတော်၏ ဖက်စပ်လုပ်ကိုင်မှုအတွက် ထုတ်လုပ်မှုဝေစု(အချို့သောကုမ္ပဏီများအတွက် ၂၅ရာခိုင်နှုန်း)၊ ရတနာခွန် (တန်ဖိုး၏ ၂၀ရာခိုင်နှုန်း)၊ ကုန်သွယ်လုပ်ငန်းခွန် (ပုံမှန် ၅ရာခိုင်နှုန်း အပေါင်း ကျောက်မျက် အကြမ်းထည်များအတွက် အထူးကုန်စည်ခွန် ၁၅ရာခိုင်နှုန်း သို့မဟုတ် ကျောက်မျက်အချောထည်များအတွက် အထူးကုန်စည်ခွန် ၅ရာခိုင်နှုန်း)၊ ကုမ္ပဏီဝင်ငွေခွန် (ပြည်တွင်းကုမ္ပဏီများအတွက် ၂၅ရာခိုင်နှုန်း)နှင့် ဝန်ဆောင်ခများ (၁ မှ ၃ ရာခိုင်နှုန်းအထိ) တို့ပါဝင်ပါသည်။ ကျောက်မျက်အတော်များများအပေါ် မြန်မာ့တပ်မတော် နှင့်/သို့မဟုတ် ကချင်လွတ်မြောက်ရေးတပ်မတော်တို့ကလည်း တရားမဝင်အခွန်ကောက်ခံမှုများရှိပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာနအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည် -

- ဘဏ္ဍာရေးမူဘောင်ကို ရှင်းလင်းအောင်လုပ်ပါ။
  ပြည်ထောင်စုအကောက်ခွန် ဥပဒေနှင့်မြန်မာ့ကျောက်မျက် ဥပဒေအကြားများစွာရှုပ်ထွေးနေခြင်း အထူးသဖြင့် (၁၉၉၅ခုနှစ် မြန်မာ့ကျောက်မျက်ဥပဒေ ပုဒ်မ ၂၇(ခ) တွင် ဖော်ပြထားသည့်)တိကျမှုမရှိသောအခွန်ကင်းလွတ်ခွင့်များကြောင့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုကိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ခက်ခဲစေပါသည်။ မကလ၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာနနှင့် အခွန် ကောက်ခံရန်တာဝန်ရှိသော အခြားအဖွဲ့အစည်းများအကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အားနည်းလျက် ရှိနေပါသည်။

- အခွန်ထမ်းဆောင်မှုကိုအားပေးသော နှုန်းထားများသတ်မှတ်ပါ။
  မြန်မာနိုင်ငံတွင် နိုင်ငံအများစု၌ကောက်ခံသော ရတနာခွန်နှုန်းထားများထက် ၂ဆ မှ အဆ၂၀ အထိ ပိုမိုမြင့်မားစွာကောက်ခံပြီး ကျောက်မျက်များ ရောင်းချမှု၊ တင်သွင်းမှုနှင့် တင်ပို့မှုတို့အပေါ် လည်း ထူးထူးခြားခြားမြင့်မားသော ကုန်သွယ်လုပ်ငန်းခွန် ကောက်ခံပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် အခွန်ဆိုင်ရာစီမံခန့်ခွဲမှုအတွက် ထူးထူးခြားခြားအခက်အခဲများ ဖြစ်ပေါ် စေလေ့ရှိ သော နိုင်ငံသားတူးဖော်မှုအတွက် သီးသန့်စည်းမျဉ်းများသတ်မှတ်ခြင်းဖြင့်လည်း အကျိုးရှိနိုင်ပါသည်။[11]

- ဝင်ငွေကောက်ခံမှုကို ပြန်လည်ထိန်းညှိပါ။
  အခြားနိုင်ငံအများစုနှင့်မတူဘဲ မြန်မာနိုင်ငံတွင် ကျောက်မျက်ဆိုင်ရာ ဝင်ငွေအများစုကို (လက်မှတ်ရေးထိုးခဆုကြေးများအပါအဝင်) လိုင်စင်ကြေးများ မှတဆင့်ကောက်ခံရရှိပါသည်။ လိုင်စဉ်ကြေးများသည် နိုင်ငံတော်အား ၎င်း၏သယံဇာတများထံမှ ဝင်ငွေကောင်းမွန်စွာရာဖွေပေးနိုင်ခြင်းမရှိ သည့်အပြင် တူးဖော်လုပ်ကိုင်ခွင့်များအလွန်အကျွံချထားပေးခြင်းကိုလည်း အားပေးရာရောက်နိုင်ပါသည်။ အခြားနိုင်ငံအတော်များများတွင် ကျောက်မျက်မှ ဝင်ငွေအဓိကရရှိသောနည်းလမ်းဖြစ်သည့် ရတနာခွန်များကို မြန်မာနိုင်ငံသည် မျှတစွာကောက်ခံနိုင်ခြင်းမရှိသည့်ပုံပေါ် ပါသည် (ထည့်သွင်းစဉ်းစားရမည့်အချက် ၇ကို ကြည့်ပါ)။

- ရတနာပြပွဲများတွင်ရောင်းချရန်မက်လုံးများတိုးမြှင့်ပါ။
  တရားဝင်အချက်အလက်များအရ ကျောက်မျက်မှရရှိ သောဝင်ငွေအားလုံး၏ ၇၀ရာခိုင်နှုန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်းက ကျင်းပသော ရတနာပြပွဲများတွင် ကောက်ခံရရှိသော်လည်း  ကျောက်မျက်ကဏ္ဍဆိုင်ရာအချက်အလက်များအရ စုစုပေါင်းကျောက်စိမ်းနှင့်ကျောက်မျက်ရောင်းဝယ်မှု၏ ၇၅ရာခိုင်နှုန်းနှင့်အထက်သည် ရတနာပြပွဲများ၏ပြင်ပတွင်အရောင်းအဝယ်ဖြစ်ကြောင်း ခန့်မှန်းရပါသည်။[12]

မြန်မာနိုင်ငံအနေဖြင့် ဝင်ငွေအများစုကောက်ခံရရှိနေသော ရတနာပြပွဲများတွင် လာရောက်ရောင်းချခြင်းကို အားပေးစေမည့် အချို့သောငွေကြေးဆိုင်ရာမက်လုံးများကို ချမှတ်ကျင့်သုံးရန်စဉ်းစားနိုင်ပါသည်။ ၂၀၁၃ခုနှစ် ကတည်းက ကျင်းပသောပြပွဲများတွင် သဘောတူညီထားသောရောင်းချမှုများ၏ တစ်ဝက်အောက်သာ အမှန်တကယ်အရောင်းအဝယ်ဖြစ်သဖြင့် ရတနာပြပွဲများ တွင် အရောင်းအဝယ်ပြုလုပ်မှုများကို ထပ်မံလေ့လာ စစ်ဆေးရန် လိုအပ်နိုင်ပါသည်။[13]

## ၇။ တန်ဖိုးဖြတ်ခြင်းလုပ်ငန်းစဉ်ကို ပြင်ဆင်ပါ

တရားဝင်အားဖြင့် မြန်မာနိုင်ငံ၏ ကျောက်မျက်များအား မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမှ ကိုယ် စားလှယ် ၃ဦး၊ အခြားအစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၄ဦး၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းမှ ကိုယ်စားလှယ် ၁ဦးနှင့် ပြင်ပကျွမ်းကျင်ပညာရှင် ၁ဦးအပါအဝင် လူ ၉ဦးထက်မနည်းပါဝင်သော တန်ဖိုးဖြတ် အဖွဲ့က စိစစ်တန်ဖိုးဖြတ်ပါသည်။ ၂၀၁၁/၂၀၁၂ဘဏ္ဍာနှစ်နှင့် ၂၀၁၅/၂၀၁၆ဘဏ္ဍာနှစ်အကြား အစိုးရသည် ထုတ်ဖော် ကြေညာသော ကျောက်စိမ်းတစ်ကီလိုဂရမ်လျှင် မြန်မာကျပ်ငွေ ၃၃၇ကျပ်မှ ၄၅၀ကျပ်အထိ(သို့မဟုတ် အမေရိကန် ဒေါ်လာပြား၅၀အောက်)နှင့် ထုတ်ဖော်ကြေညာသော ရောင်စုံကျောက်မျက် တစ်ကာရက်လျှင် မြန်မာကျပ်ငွေ ၁၃ မှ ၁၈ကျပ်အထိ(အမေရိကန်ဒေါ်လာ ၁ပြားမှ ၂ပြားအထိ) ရရှိခဲ့ပါသည်။ အဆိုပါကိန်းဂဏန်းများအရ မြန်မာနိုင်ငံ၏ သယံဇာတများကို မျှတသောဈေးကွက်နှုန်းထားများအောက် များစွာလျော့နည်းလျက် တန်ဖိုးဖြတ်မှုများ ပုံမှန်ဖြစ်ပေါ် နေကြောင်း သိရှိနိုင်ပါသည်။[14]

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည် -

- ကြီးကြပ်မှုကို ပိုမိုတင်းကြပ်စွာဆောင်ရွက်ပါ။ အခြားနိုင်ငံအတော်များများတွင် လေလံပွဲများကျင်းပခြင်း၊ ပြင်ပ တန်ဖိုးဖြတ်သူများအား စေခိုင်းခြင်း သို့မဟုတ် ရည်ညွှန်းဈေးနှုန်းနှင့်နှိုင်းယှဉ်ခြင်းတို့ဖြင့် တန်ဖိုးဖြတ်ခြင်းလုပ် ငန်းစဉ်အား အကာအကွယ်ပေးထားသောလည်း မြန်မာနိုင်ငံ၏လက်ရှိစည်းမျဉ်းများတွင် တန်ဖိုးဖြတ်အဖွဲ့၏ ဥက္ကဋ္ဌ(မကာလအရာရှိတစ်ဦး)အား ကျောက်မျက်များ၏ တရားဝင်တန်ဖိုးကို သတ်မှတ်ရာတွင် အပြီးသတ် ဆုံးဖြတ်ခွင့်ပေးခြင်းဖြင့် အကျိုးမျှော်ကိုးလက်သိပ်ထိုးဝါဒဖြစ်ပေါ်စေရန် တံခါးဖွင့်ပေးထားပါသည်။[15] မကာလအနေဖြင့် အရည်အချင်းပြည့်မီသော တန်ဖိုးဖြတ်သူအချို့ ခန့်အပ်ထားသော်လည်း အခြားကော်မတီဝင်များ သည် အစိုးရ၏တန်ဖိုးဖြတ်ခြင်းကို မှန်မမှန်စစ်ဆေးရန် လိုအပ်သောကျောက်မျက်ဗေဒနှင့် ဈေးကွက်ဆိုင်ရာ အသိပညာ ရှိ မရှိကို ရှင်းလင်းစွာမသိရပါ။
- စာရင်းစစ်ဆေးခြင်းများပြုလုပ်ပါ။ ရုပ်ပိုင်းဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာ ရှောင်တခင် စာရင်းစစ်ဆေးခြင်းများ ပြုလုပ်ခြင်းနှင့် သင့်လျော်သောပြစ်ဒဏ်များသတ်မှတ်ခြင်းသည် ကုမ္ပဏီများအား တိတိကျကျဖွင့်ဟထုတ်ဖော် လာစေရန် အားပေးနိုင်ပါသည်။ စုံစမ်းစစ်ဆေးခြင်းများဆောင်ရွက်ရာတွင် လိုအပ်သောအခြေခံအဆောက် အအုံများ (ဥပမာ ကျောက်မျက်တူးဖော်ရေးလုပ်ကွက်ရှိ ကျောက်မျက်ဓာတ်ခွဲခန်းများ) ရင်းနှီးတည်ဆောက် ပေးခြင်းနှင့်အတွေ့အကြုံရှိသောဝန်ထမ်းများ (ဥပမာကျောက်မျက်တန်ဖိုးဖြတ်ခြင်းနည်းလမ်းများ နှင့်/သို့မဟုတ် စာရင်းကိုင်လုပ်ထုံးလုပ်နည်းများအား သိရှိနားလည်သောဝန်ထမ်းများ) ခန့်အပ်ထားခြင်းဖြင့် ပံ့ပိုးပေးပါက စုံစမ်းစစ်ဆေးခြင်းများသည် အထိရောက်ဆုံးဖြစ်ပါသည်။

## ၈။ ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်းများကို ပံ့ပိုးပါ

မြန်မာနိုင်ငံမှ ကျောက်မျက်ကဏ္ဍနှင့်သက်ဆိုင်သောပုဂ္ဂိုလ်များသည် ပြည်တွင်းတန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်း လုပ်ငန်းဖွံ့ဖြိုးလာအောင် ဆောင်ရွက်ခြင်းဖြင့် ရရှိလာနိုင်သောအကျိုးကျေးဇူးများကို ပိုမိုသိရှိနားလည်လာကြပါသည်။ ကျောက်မျက်ကဏ္ဍတွင် အဓိကပုဂ္ဂိုလ်များ၏ ဦးဆောင်မှုကြောင့် ပထမဦးဆုံးကျောက်မျက်ဓာတ်ခွဲခန်းတည်ထောင် ခြင်းနှင့် အချို့သောအခွန်နှုန်းထားများပြင်ဆင်ခြင်းအပါအဝင် အရေးကြီးသောမူဝါဒဆိုင်ရာပြောင်းလဲမှုများဖြစ်ပေါ်လာ စေရန် အထောက်အကူဖြစ်စေခဲ့ပါသည်။ သို့သော်လည်း၎င်းလုပ်ငန်းစဉ်သည် ရေရှည်ဆောင်ရွက် ရမည့်လုပ်ငန်းစဉ် ဖြစ်ပြီး အရည်အသွေးမြှင့်တင်ခြင်းလုပ်ငန်း၏ အနေအထားသည် စိန်ခေါ်မှုများရင်ဆိုင်နေရဆဲဖြစ်ပြီး ကျောက်မျက်ဆင့်တက်ပြုပြင်ခြင်း၌ ကမ္ဘာပေါ်တွင် ဦးဆောင်နေသော ဈေးကွက်သုံးခု (တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ)နှင့် နယ်နိမိတ်ချင်းထိစပ်နေသော်လည်း အဆိုပါအိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်ပြိုင်ရန်လိုအပ်သော လုပ်သားများ၏ကုန်ထုတ် စွမ်းအား သို့မဟုတ် စီးပွားရေးမူဝါဒများ မရှိသေးပါ။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များ အသင်းအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည် -

- ကျောက်မျက်လုပ်ငန်းလုပ်ငန်းအဆင့်ဆင့် (Value Chain) ၏ အလယ်ပိုင်း (Midstream) နှင့်အောက်ပိုင်း (Downstream)အတွက် အစီအစဉ်ရေးဆွဲပါ။ ကျောက်မျက်သွေးခြင်းနှင့်အချောထည်ပြုလုပ်ခြင်းလုပ်ငန်း အတွက် တိကျသောလိုအပ်ချက်များနှင့် နိုင်းရအားသာမှုရှိရန်အလားအလာရှိသောနယ်ပယ်များအား ဖော်ထုတ်ရန် စိစစ်လေ့လာမှုများပြုလုပ်ရန်လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ပမာဏအမြောက်အများထုတ် လုပ်သော်လည်း တရုတ်၊ အိန္ဒိယနှင့်ထိုင်းနိုင်ငံတို့မှ ကျောက်သွေးသမားများ အဓိကထားဆောင်ရွက်ခြင်း မရှိသော ပယင်း၊ ပြောင်ခေါင်းစိမ်းနှင့် ပန်းညှံ့စသည့် တန်ဖိုးနိမ့်ကျောက်မျက်များနှင့် ပတ်သက်ပြီး ကျွမ်းကျင်မှု တိုးတက်အောင်စတင်ဆောင်ရွက်ခြင်းဖြင့် အကျိုးရှိနိုင်ပါသည်။ သီရိလင်္ကာနိုင်ငံ၏ အတွေ့အကြုံမှသင်ခန်းစာ ယူ၍ မြန်မာနိုင်ငံသည် နိုင်ငံတော်ကုန်အမှတ်တံဆိပ်မြှင့်တင်ရေးနည်းဗျူဟာရေးဆွဲပြီး ၎င်း၏အရည်အသွေး မြင့် ကျောက်စိမ်း၊ ပတ္တမြားနှင့် နီလာအတွက် ဂုဏ်သတင်းကျော်ကြားမှုကို အသုံးချသင့်ပါသည်။[16]
- အတတ်ပညာမြှင့်တင်ခြင်းနှင့် နည်းပညာလွှဲပြောင်းရယူခြင်းကို ပံ့ပိုးပါ။ ကျွမ်းကျင်မှုရှိသောလုပ်သား ရှားပါးခြင်း သည် အားကောင်း သော Value Chain အလယ်ပိုင်းလုပ်ငန်းများဖွံ့ဖြိုးအောင်ဆောင်ရွက်ရာတွင် အဓိက အတားအဆီးတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ဦးဆောင်နေသောလက်ဝတ်ရတနာကုမ္ပဏီများသည် အချောထည် ကျောက်မျက်အများစုကို နိုင်ငံခြားမှတင်သွင်းကာ ပြည်တွင်းမှ တန်ဖိုးမြှင့်တင်ဆင့်တက်ပြုပြင်ခြင်းလုပ်ငန်း များစွာသည် အရှုံးခံ၍လုပ်ကိုင်နေကြသည် သို့မဟုတ် နိုင်ငံခြားသား အလုပ်သမားများ အား မှီခိုနေရပါသည်။ နိုင်ငံတော်အနေဖြင့် နိုင်ငံတကာအရည်အသွေးမီဓာတ်ခွဲခန်းများနှင့် လေ့ကျင့်သင်ကြားရေးစင်တာများ အထူးသဖြင့် ကျောက်မျက်ထွက်ရှိသောဒေသများတွင် ဖွင့်လှစ်ပေးခြင်းဖြင့် ပြည်တွင်းအရည်အသွေးမြှင့်တင်ခြင်း လုပ်ငန်းအား ပံ့ပိုးပေးနိုင်ပါသည်။
- ကုန်သွယ်မှုနှင့် အခွန်ကောက်ခံမှုမူဝါဒများအား အလိုက်သင့်ပြင်ဆင်ပါ။ မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ အပါအဝင် အရည်အသွေး မြှင့်တင်ခြင်းလုပ်ကိုင်သောနိုင်ငံအများစုသည် လွတ်လပ်သောကုန်သွယ်မှု မူဝါဒများကြောင့် အကျိုးအမြတ်ရရှိခဲ့ပြီး အဆိုပါနိုင်ငံအများစုတွင် ကျောက်မျက်ဆင့်တက်ပြုပြင်ခြင်းကဏ္ဍအတွက် ငွေကြေးပံ့ပိုးမှုပုံစံမျိုးစုံ ပေးထားပါသည်။ မြန်မာနိုင်ငံသည် ပို့ကုန်အကောက်ခွန် (ကျောက်မျက်အကြမ်းထည် တင်ပို့မှုအပေါ် ၁၅ ရာခိုင်နှုန်းနှင့် ကျောက်မျက်အချောထည်တင်ပို့မှုအပေါ် ၅ ရာခိုင်နှုန်း အခွန်ကောက်ခံပါ သည်)၊ ကျောက်မျက်နှင့်လက်ဝတ်ရတနာကုမ္ပဏီများအပေါ်

အခွန်ကောက်ခံခြင်း (ရှည်လျားသော အခွန် ကင်းလွတ် ခွင့်ကာလများ သို့မဟုတ် ငွေချေးအစီအစဉ်များမရှိပါ)နှင့် ပြည်ပဥ္စအရောင်းမြှင့်တင်ခြင်း (မြန်မာ နိုင်ငံအစိုးရသည် နိုင်ငံတကာ ကျောက်မျက်ပွဲများတွင်လည်း ပုံမှန်ပါဝင်လေ့မရှိပါ) တို့တွင် အားနည်းနေဆဲဖြစ် ပါသည်။[17]

## ၉။ ကျောက်မျက်ထုတ်လုပ်မှုလမ်းကြောင်းတလျောက် ပြန်လည်ခြေရာခံနိုင်အောင် ပံ့ပိုးဆောင်ရွက်ပါ

အချို့သောစံနှုန်းများနှင့်အညီထုတ်လုပ်ထားသည့် "တာဝန်ယူမှုရှိစွာရယူထားသော" လက်ဝတ်ရတနာများ ဥပမာ ကလေးလုပ်သား သို့မဟုတ် အဓမ္မခိုင်းစေခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းမှုမရှိသောအလုပ်ခွင်အခြေအနေများ၊ ပဋိပက္ခများ သို့မဟုတ် အဂတိလိုက်စားမှု သို့မဟုတ် သဘာ ဝပတ်ဝန်းကျင်၊ တိုင်းရင်းသားလူမျိုးစုများ သို့မဟုတ် အခြားထိခိုက်လွယ်သောလူ့အသိုက်အဝန်းများအပေါ် ကြီးမားသောသက်ရောက်မှု စသည်တို့နှင့်ဆက်နွယ်ခြင်းမရှိဘဲ ထုတ်လုပ်ထားသော လက်ဝတ်ရတနာများဝယ်လိုအားမြင့်တက်လာခြင်းကြောင့် လက်လီရောင်းချသူများ အနေဖြင့် ၎င်းတို့ကျောက်မျက်များ၏ နောက်ကြောင်းရာဇဝင်ကို ထုတ်ဖော်ပြသရန် ပိုမိုတွန်းအားပေးလာပါသည်။ အကျိုးဆက် အနေဖြင့် ထုတ်လုပ်မှုကိုတရားဝင်အသိအမှတ်ပြုနိုင်သောနိုင်ငံများနှင့်ကုမ္ပဏီများသည် ကမ္ဘာ့စျေးကွက် (အထူးသဖြင့် အနောက်နိုင်ငံများ၏ စျေးကွက်)တွင်ပိုမိုနေရာရလာကြပါသည်။ သို့သော်လည်း တူးဖော်လုပ်ကိုင်မှုများသည် နိုင်ငံတကာစံနှုန်းများအား ပြည့်မီမှုမရှိခြင်းနှင့် ထုတ်လုပ်မှုလမ်းကြောင်းတစ်လျှောက်လုံးတွင် တရားမဝင်ပတ်သက် ဆက်ဆံရေးများကြောင့် ကျောက်မျက်များ၏နောက်ကြောင်းအား ပြန်လည်ခြေခံနိုင်ခြင်းအပေါ် အကန့်အသတ်များ ရှိနေဆဲဖြစ်ပါသည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြု ပါသည် -

- နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းအောင်လုပ်ပါ။ မြန်မာနိုင်ငံမှကျောက်စိမ်းနှင့် ကျောက်မျက် အတော်များများကို တရုတ်နှင့် ထိုင်းနိုင်ငံသို့တရားမဝင်သောနည်းလမ်းများဖြင့် ရောင်းချကြသဖြင့် ထိုသို့ များပြားသော မှောင်ခိုရောင်းဝယ်မှုများကို တိုက်ဖျက်ရန် အဆိုပါနိုင်ငံများမှ တရားဥပဒေစိုးမိုးရေးအဖွဲ့များ၊ အကောက်ခွန်အာဏာပိုင်များနှင့် ကျောက်မျက်လုပ်ငန်းအသင်းအဖွဲ့များနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ရန် လိုအပ် ပါသည်။
- OECD လမ်းညွှန်ချက်ကို လိုက်နာပါ။ အစိုးရအနေဖြင့် ပြည်တွင်းဥပဒေမူဘောင်အား ပဋိပက္ခဖြစ်ပွားသော နယ်မြေများနှင့် ပဋိပက္ခ ဖြစ်ပွားနိုင်ခြေများသောနယ်မြေများမှလာသောတွင်းထွက်များ၏ တာဝန်ယူမှုရှိသော ထုတ်လုပ်မှုလမ်းကြောင်းများစစ်ဆေးရန် OECD၏ လမ်းညွှန်ချက် (OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas)နှင့် ညီညွတ် အောင် လိုအပ်သည့်အဆင့်များကို ဆောင်ရွက်သင့်ပြီး မြန်မာနိုင်ငံမှ ကျောက်မျက် ကဏ္ဍနှင့် ဆက်နွယ်နေ သူများအား သက်ဆိုင်ရာစံနှုန်းများလိုက်နာစေရန်နှင့် ၎င်းတို့၏လိုက်နာမှုကို စာရွက်စာတမ်းဖြင့် မှတ်တမ်း တင်နိုင်ရန် ပံ့ပိုးပေးသင့်ပါသည်။[18]
- အသိအမှတ်ပြုမှုနည်းလမ်းများအား ကျင့်သုံးနိုင်မည့် အလားအလာကို ဖော်ထုတ်ပါ။ မန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၌ လက်ရှိ ဆောင်ရွက်မှုများနှင့်အညီ ရောင်စုံကျောက်များအတွက် အသိအမှတ်ပြုမှုစနစ်များ ကျင့်သုံးရန် လုပ်ဆောင်နိုင်ပါသည်။[19] ကျောက်စိမ်းနှင့် တန်ဇန်နိုက်ကျောက်နှစ်မျိုးလုံးသည် နိုင်ငံတစ်နိုင်ငံ တည်းရှိ အချို့သောဒေသများတွင်သာ တူးဖော်ရရှိနိုင်သဖြင့် ကျောက်စိမ်းအတွက် အဆိုပါလုပ်ငန်းစဉ်ကို ရေးဆွဲရာတွင် Tucson ကုမ္ပဏီ၏ တန်ဇန်နိုက်ကျောက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများ ရေးဆွဲခဲ့သော တန်ဇန်နီးယားနိုင်ငံ၏ အတွေ့အကြုံကို လေ့လာ၍ သင်ခန်းစာယူနိုင်ပါသည်။

## ၁၀။ ပွင့်လင်းမြင်သာမှုပိုမိုအားကောင်းအောင် ပြုလုပ်ပါ

NRGI NRGI ၏ အရင်းအမြစ်စီမံအုပ်ချုပ်မှုအညွှန်းကိန်း(NRGI's Resource Governance Index)အရ မြန်မာနိုင်ငံသည် ရမှတ်နည်းပါသည်။[20] မြန်မာနိုင်ငံ၏ကျောက်စိမ်းနှင့်ကျောက်မျက်လုပ်ငန်းနှင့် ပတ်သက်ပြီး အများပြည်သူဆိုင်ရာ ဆွေးနွေးမှု၏ အရည်အသွေးကို ဆန်းစစ်ရန် အကူအညီပေးသည့် လွတ်လပ်သောသုတေသနလေ့လာမှုအဖွဲ့များ တိုးများလာသော်လည်း မြန်မာနိုင်ငံအစိုးရသည် အဆိုပါကဏ္ဍနှင့်ပတ်သက်သော အဓိကအချက်အလက်များအား ထုတ်ဖော်ပေးခြင်းမရှိသေးပါ။

သယံဇာတ နှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုလွှတ်တော်နှင့် မြန်မာနိုင်ငံတွင်းထွက်သယံဇာတတူးဖော် ထုတ်လုပ်သည့် လုပ်ငန်းများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (Myanmar Extractive Industries Transparency Initiative - MEITI)အနေဖြင့် အောက်ပါတို့ကိုဆောင်ရွက်ရန် အကြံပြုပါသည်။

- သက်ဆိုင်ရာ ဥပဒေများနှင့် သဘောတူစာချုပ်များကို ဖြန့်ဝေပါ။ မြန်မာ့ကျောက်မျက်ဥပဒေ၊ ၎င်း၏ပြင်ဆင်ချက်များနှင့် ဆက်စပ် နေသော စည်းမျဉ်းများနှင့် ညွှန်ကြားချက်များကို လက်ရှိတွင် ကျောက်မျက်လုပ်ငန်းကဏ္ဍနှင့် သက်ဆိုင်သောပုဂ္ဂိုလ်များနှင့် အများ ပြည်သူက ရယူနိုင်ခြင်းမရှိပါ။ ကင်မရွန်းနိုင်ငံ၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ဂီနီနိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ မာလာဝီနိုင်ငံနှင့် ဆီရာလီယွန်နိုင်ငံအပါအဝင် နိုင်ငံများ၏ သာဓကများအတိုင်း မြန်မာနိုင်ငံအနေဖြင့်လည်း ကျောက်မျက်တူးဖော်ရေးသဘောတူ စာချုပ်များကို ဖွင့်ဟထုတ်ဖော်သင့်ပါသည်။
- MEITI ဆိုင်ရာ ဖွင့်ဟထုတ်ဖော်မှုနယ်ပယ်ကို ချဲ့ထွင်ပါ။ မြန်မာနိုင်ငံအနေဖြင့် တွင်းထွက်သယံဇာတ တူးဖော် ထုတ်လုပ်သည့်လုပ်ငန်း များ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေး (Extractive Industries Transparency Initiative) တွင် ပါဝင်လာခြင်းကြောင့် ၎င်း၏ သယံဇာတတူးဖော်ရေးကဏ္ဍနှင့်ပတ်သက်ပြီး ယခင်ကထက် ပိုမိုသိရှိလာရသော်လည်း ညွှန့်ပေါင်းအဖွဲ့အနေဖြင့် ကျောက်စိမ်းနှင့် ကျောက်မျက်လုပ်ငန်းဆိုင်ရာ အစီရင်ခံမှု အားကောင်းလာအောင် ဆောင်ရွက်ရပါမည်။ ဘဏ္ဍာနှစ် ၂၀၁၃/၁၄ အတွက်ပြုစုထားသော မြန်မာနိုင်ငံ၏ ပထမဦးဆုံးEITIအစီရင်ခံစာတွင် (ကျောက်မျက်ကဏ္ဍတွင် လုပ်ကိုင်နေသော ကုမ္ပဏီပေါင်း ၉၀၀ခန့် အနက်) ကုမ္ပဏီအခု ၃၀ကိုသာ ဖော်ပြထားပြီး အဆိုပါကုမ္ပဏီများက အစိုးရထံပေးသော စုစုပေါင်း ပေးချေငွေ၏ ၃၅ ရာခိုင်နှုန်းကိုသာ ဖော်ပြထားပါသည်။[21] မြန်မာနိုင်ငံအနေဖြင့် အများပြည်သူကြည့်ရှုနိုင်သော လိုင်စင်ထုတ် ပေးထားသည့်မှတ်တမ်းများ ပြုလုပ်ရန်နှင့် ကျောက်မျက်ကဏ္ဍနှင့်ဆက်နွယ်နေသော နောက်ကွယ်မှပိုင်ဆိုင်မှု ဆိုင်ရာ အချက်အလက်များကို ဖွင့်ဟထုတ်ဖော်ရန် EITI မူဘောင်အတွင်းမှ ဆက်လက်လုပ်ဆောင်သင့် ပါသည်။
- အလွတ်တန်းစောင့်ကြပ်စစ်ဆေးမှုကို ခွင့်ပြုပေးပါ။ လက်ရှိဖြစ်ပေါ်နေသောပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးရန်နှင့် အများပြည်သူဆိုင်ရာ တာဝန်ခံမှု အားကောင်းစေရန် ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် မီဒီယာအတွက် ကျောက်မျက်ထွက်ရှိသောဒေသများသို့သွားရောက်ခွင့်အား အကာအကွယ်ပေးသင့်ပါသည်။

# ထပ်ဆောင်းရှင်းလင်းချက်များ


1. Pakistan case study (p. 37-38) in Paul Shortell and Emma Irwin, Governing the Gemstone Sector: Lessons from Global Experience (Natural Resource Governance Institute: May 2017) ကို ကြည့်ပါ။

2. ဥပမာ description of the Diamond Area Community Development Fund (p. 45) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

3. ဤစာတမ်းကိုရေးသားသည့်အချိန်တွင် ပြုပြင်ပြောင်းလဲမှုများများအား “၂၀၁၇ခုနှစ် မြန်မာ့ကျောက်မျက်ဥပဒေ”ကို လွှတ်တော်သို့တင်သွင်းပြီး ဖြစ်ကာ ထိုဥပဒေတွင် ၂၀၀၃ခုနှစ် နှင့် ၂၀၁၆ခုနှစ်မှ ပြင်ဆင်ချက်များအား ၁၉၉၅ခုနှစ်ဥပဒေသို့ ပေါင်းစပ်လိုက်ပြီး အမျိုးသားလွှတ်တော်၏ အမျိုးသားသယံဇာတကော်မတီက အကြံပြုထားသော ထပ်ဆောင်းပြင်ဆင်ချက်များကိုလည်း ထည့်သွင်းထားပါသည်။

4. Erin Murphy, Peter Kucik, and Zachary Harris, Step by Step: Myanmar Gem Industry Emerges from Isolation and U.S. Sanctions (American Gem Traders Association: 2016) ကို ကြည့်ပါ။

5. Chan Mya Htwe, “Tribunal to investigate gem association embezzlement claims” Myanmar Times, 2 June 2016 ကို ကြည့်ပါ။

6. Sri Lanka case study (p. 19-20) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

7. မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မကလ)မှ ပေးသော အချက်အလက်များအပေါ် အခြေခံထားသည်။

8. Tanzania case study (p. 28-29) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

9. Brazil case study (p. 26-27) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

10. Ibid 8.

11. ဥပမာ Sierra Leone and Guyana case studies (p. 43) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

12. မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မကလ)မှ ပေးသော အချက်အလက်များအပေါ် အခြေခံထားသည်။

13. မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မကလ)မှ ပေးသော အချက်အလက်များအပေါ် အခြေခံထားသည်။

14. မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(မကလ)မှ ပေးသော အချက်အလက်များအပေါ် အခြေခံထားသည်။

15. Country case studies (p. 47-48) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

16. Ibid 6.

17. ဥပမာ Thailand case study (p. 54-55) in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

18. ထပ်မံသိရှိလိုပါက p. 61-62 in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

19. ထပ်မံသိရှိလိုပါက p. 60-61 in Shortell and Irwin, Governing the Gemstone Sector ကို ကြည့်ပါ။

20. 2013 Resource Governance Index ကို https://resourcegovernance.org/resource-governance-index တွင် ရယူနိုင်ပါသည်။ . 2017 Resource Governance Index ကို ၂၀၁၇ခုနှစ် နွေရာသီတွင် ထုတ်ဝေပါမည်။

21. Myanmar Extractive Industries Transparency Initiative: 2013/2014 Myanmar EITI Reconciliation Report (January 2016) နှင့် Scoping Study for the First Report (September 2015) တို့အား လေ့လာသုံးသပ်မှုအပေါ် အခြေခံထားသည်။



လွတ်လပ်ပြီး အကျိုးအမြတ်မရှာဖွေသည့် အဖွဲ့ အစည်းတစ်ခုဖြစ်သော သဘာဝသံယံဇာတအရင်းအမြစ် စီမံခန့်ခွဲမှု အကြံပေးအဖွဲ့ (Natural Resource Governance Institute) သည် ပြည်သူများအား မိမိတို့တိုင်းပြည်မှ ထွက်သော ရေနံ၊ သဘာဝဓာတ်ငွေ့ နှင့် သတ္တုတွင်းထွက်များကြွယ်ဝမှု၏ အကျိုးကျေးဇူးများကို သိရှိနားလည်နိုင်စေရန် လက်တွေ့အသုံးချသုတေသနပြုခြင်း၊ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း၊ နည်းပညာဆိုင်ရာအကြံဉာဏ်ပေးခြင်းနှင့် စည်းရုံးရေးပြုလုပ်ပေးခြင်းဖြင့် ကူညီပေးပါသည်။

ထပ်မံလေ့လာရန်- www.resourcegovernance.org

Natural Resource Governance Institute

Oil, gas and mining for development